Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (038/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၃၈/၂၀၁၀)

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့မှ အောက်တိုဘာလ (၁၆) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

### (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- ရွေးကောက်ပွဲ မဲထည့်ရေးနှင့်ပတ်သက်၍ ၀န်ထမ်းများ အလုပ်ရှုပ်နေသည်ဆိုသည့် အကြောင်းပြချက်ဖြင့် နေပြည်တော် စက်မှု(၁)၀န်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများအားလုံး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံခြားသားများနှင့်တွေ့ဆုံခွင့် ပိတ်ပင်သည့် ညွှန်ကြားချက်ကို ၀န်ကြီး ဦးအောင်သောင်းကိုယ်စား ရုံးအဖွဲ့မှူး ဦးမြင့်ဆွေက လက်မှတ်ရေးထိုးပြီး စာအမှတ် ၁၈/၁/စ(၁)/၂၀၁၀ (၇၆၇၇) နှင့် စက်တင်ဘာလ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ **(RFA 111010)** Read More...
- ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်သည့် အချုပ်သူ၊ အချုပ်သားများစာရင်းအား သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့သို့ စက်တင်ဘာလ ၁၄ ရက်နေ့မှစတင်ကာ စာရင်းများ ပြုစုပေးပို့လျက်ရှိပြီး စက်တင်ဘာလ ၂၆ ရက်နေ့အထိ မဲပေးနိုင်မည့် အချုပ်သူ၊ အချုပ်သား ဦးရေမှာ ၆,၀၀၀ ကျော်ရှိပြီဟု အကျဉ်းဦးစီးဌာနတာ၀န်ရှိသူတဦးကပြောသည်။ **(Myanmar Times Vol.25, No.487 11, 10, 10)** Read More...
- ရွေးကောက်ပွဲကျင်းပမည့်ရက် နီးကပ်လာချိန်တွင် သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင်အတွင်း၌ မဲရုံများထားရှိမည့်ကိစ္စကို အောက်တိုဘာလ ၂၅ ရက်နေ့အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း အာဏာပိုင်နှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(S.h.A.N 111010)** Read More...
- လယ်ယာဥယျာဉ်ခြံမြေများကို သိမ်းယူပြီး စီပွားရေးလုပ်နေသည့် ယုဇနကုမ္ပဏီပိုင်ရှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်း ဦးဌေးမြင့်ကို ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ လယ်သမား ၁၇ ဦးက တရားစွဲဆိုရာ တရားပြိုင်ဘက်မှ တောင်းဆိုမှုကြောင့် အမှုထဲမှ ပယ်ထုတ်ရန် ကြားဖြတ်အမိန့်ချမှတ်လိုက်သည်ဟု လယ်သမားများကို ကူညီပေးနေသူ ဒေါ်ဘောက်ဂျာက ပြောသည်။ **(DVB 121010)** Read More...
- နေပြည်တော်ရှိ အစိုးရ၀န်ထမ်းများနှင့် ရွှေ့လျားလုပ်သားများကို မဲဆန္ဒပေးနိုင်ရန် ယာယီသက်သေခံလက်မှတ်များ စက်တင်ဘာလ ၅ ရက်နေ့မှ စတင် ထုတ်ပေးလျက်ရှိကြောင်း လူ၀င်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန၊နေပြည်တော်ခရိုင် လူ၀င်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးက ပြောသည်။ **(Myanmar Times Vol.25, No.487 11, 10, 10)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲမတိုင်မီကာလနှင့် ရွေးကောက်ပွဲကာလအတွင်း တပ်တွင်း အုပ်ချုပ်မှုလျော့နည်းသည့် ပြဿနာ များမဖြစ်ရေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား တပ်မိသားစုဝင်များက မဲသွားထည့်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထ) များက သက်ဆိုင်ရာစစ်တိုင်းများအလိုက် တာဝန်ယူလုပ်ဆောင်နေသည်ဟု စစ်တပ်နှင့်နီးစပ်သူ ဗန်းမော်ဒေသခံ စစ်မှုထမ်းဟောင်းတစ်ဦးက ပြောသည်။ **(NEJ 141010)** Read More...
- နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်မြေရှိ မဲရုံတစ်ရုံလျှင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် ၃ ဦးစီထားရှိမည်ဖြစ်သောကြောင့် တစ်ဦးလျှင် တစ်ရက် ကျပ် ၃,၀၀၀ နှုန်းဖြင့် ဒေသတွင်း၌ လိုက်လံငှားရမ်းနေကြောင်း နမ့်ခမ်း **USDP** အသိုင်းအဝိုင်းက ပြောသည်။ **(S.H.A.N 141010)** Read More ...
- မြန်မာစစ်အစိုးရ၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည်ပြုခဲ့သည့် နိုင်ငံတော်အလံသစ်ကို ပြောင်းလဲသုံးမည်ဟုဆိုကာ အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ ရန်ကုန်အထည်ချုပ်စက်ရုံများကို နိုင်ငံတော်အလံသစ်များ အမြန်မှာယူချုပ်ခိုင်းနေကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှဆိုသည်။ **(RFA 151010)** Read More...
- ရွေးကောက်ပွဲ မကျင်းပသေးသော်လည်း စစ်အစိုးရက လာမည့်အနာဂါတ် အစိုးရအဖွဲ့အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဝန်ကြီးချုပ်လောင်းများကို ရွေးချယ်ထားပြီးပြီဖြစ်ကြောင်း နေပြည်တော်စစ်ဌာနချုပ်မှ စစ်အရာရှိတစ်ဦးကပြောသည်။ **(NEJ 151010)** Read More...
- ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်စိုးက ယခုလ (၁၃) ရက်နေတွင်ပြုလုပ်သည့် အစည်းအဝေး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲမပေးရန် ပြောသည့်အတွက် အောက်ခြေဝန်ထမ်းများဝမ်းသာနေကြကြောင်း အစည်းအဝေးတက်ရောက်ခဲ့သည့် ဝန်ထမ်းတဦးကပြောသည်။ **(Yoma3 1510100)** Read More ...
- ဖားအံမြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် ဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများသည် ရွေးကောက်ပွဲကော်မရှင်နှင့်မဲရုံတာဝန်များတွင် ကူညီလုပ်ဆောင်ပေးနေရသည်ဟု အမည်မဖော်လိုသူ ရပ်ကွက်ရုံးဝန်ထမ်းတစ်ဦးကပြောသည်။ **(KIC 151010)** Read More...
- ပြည်ပရောက် မြန်မာများအတွက် ကြိုတင်မဲကောက်ခံမှုများကို ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာသံရုံးတွင် မဲထည့်ခဲ့သူတစ်ဦးကပြောသည်။ **(Irrawaddy 161010)** Read More...

## (ခ) ရွေးကောက်ပွဲကော်မရှင်

- မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်၂ ပုံပါကျင်မြို့နယ်ခွဲတွင်ပါဝင်သော ဟွေ့အော့ကျေးရွာအုပ်စု၊ နမ့်ဟူးခွန် ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၈နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ဝလူထုထောင်ကျော်ကို မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်က မဲပေးပိုင်ခွင့်စာရင်းမှ ထုတ်ပယ်လိုက်သည်ဟု ဝ ရွာသူကြီးတစ်ဦးက ပြောသည်။ **(S.H.A.N 121010)** Read More...
- ကရင်ပြည်နယ်ရှိ မဲဆန္ဒရှင်လူထုအနေဖြင့် မိမိထည့်ချင်သည့် ပါတီကို လွတ်လပ်စွာမဲထည့်ပိုင်ခွင့်ရှိသည်ဟု ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစောအောင်ပွင့်က ပြောသည်။ **(KIC 141010)** Read More ...
- ရွေးကောက်ပွဲမတိုင်မီ အကျဉ်းသားများအား လွတ်ပေး၍ ကြိုတင်မဲကောက်ယူနိုင်ရန် အကျဉ်းဦးစီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ညှိနှိုင်းနေကြောင်း အကျဉ်းဦးစီးဌာနမှအရာရှိတစ်ဦးကပြောသည်။ **(Irrawaddy 161010)** Read More...

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ထိပ်ပိုင်းခေါင်းဆောင်များနှင့် အောက်ခြေ မြို့နယ် အဆင့်တာဝန်ရှိသူများအကြားတွင် သဘောထား ကွဲလွဲမှုများရှိနေသည်ဟု **USDP** အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 111010)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်နီပြည်နယ် လွိုင်ကော်၊ ဒီးမောဆိုနှင့် ဖရူဆိုမြို့နယ်များတွင်ရှိသော ပညာရေးဝန်ထမ်းများသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သို့ ကူပြောင်းမှုကြောင့် ကျောင်းများနှင့် သက်ဆိုင်ရာပညာရေးဌာနများ၌ ဝန်ထမ်းနေရာလစ်လပ်မှုများရှိနေသည်ဟု ဒီးမောဆိုမြို့နယ်မှ ဒေသခံတစ်ဦးကပြောသည်။ **(KT 111010)** **Read More...**
- ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မြို့နယ်စည်းရုံးရေးအဖွဲ့ ဝင်ဦးချစ်တင်ဦးဆောင်သော အဖွဲ့သည် ဝန်ထမ်းများအားလုံး ခြင်္သေ့တံဆိပ်ကိုသာမဲထည့်ရမည်ဟု လိုက်လံ ပြောဆိုနေသည့်အပြင် ဝန်ထမ်းများ၏ မှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာများ ကောက်ယူနေခြင်းကြောင့် ခြိမ်းခြောက်နေသလိုဖြစ် နေသည်ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။ **(Palaung Land 111010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ရန်ကုန်မြို့ရှိ အစိုးရရုံးများတွင် **USDP** ကိုယ်စားလှယ်လောင်းများက လာရောက်မဲဆွယ်စည်းရုံးမှုများပြုလုပ်ခဲ့သည်ဟု ပြည်တွင်းအခွန် ဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ **(Irrawaddy 121010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ လွှတ်တော်အမတ်လောင်း မိတ်ဆက် လက်ကမ်း ကြော်ငြာ စာရွက်စာတမ်းများ၊ **USDP** သတင်းလွှာ၊ ကြံ့ဖွံ့တံဆိပ်ပါ ဦးထုပ်၊ တီရှပ်အင်္ကျီ၊ ဗီနိုင်း ကြော်ငြာများ၊ အလံများကို ပြန်ကြားရေးဝန်ကြီးဌာန အစိုးရပုံနှိပ်စက်များနှင့် အမှတ် ၁ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ချည်မျှင်နှင့် အထည်စက်ရုံများတွင် အခကြေးငွေ တစုံတရာမပေးဘဲ ရိုက်နှိပ်နေကြောင်း အစိုးရဝန်ထမ်း အသိုင်းအဝန်းက ပြောသည်။ **(Irrawaddy 121010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်း အချို့သည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွင် ပြိုင်ဘက်မရှိသည့်အတွက် သေချာပေါက် အမတ်များ ဖြစ်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူတဦးက အတည်ပြုပြောကြားသည်။ **(NEJ 121010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP**သည် လူထုစည်းရုံးရေးအနေဖြင့် ကလေးမြို့နယ်၊ လက်ပံချောင်းကျေးရွာ အထက်တန်းကျောင်း ခွဲသို့ ကျပ်ငွေ တစ်သိန်း၊ ဘိလပ်မြေ အိတ် ၂၀၀ နှင့် အခြား ပစ္စည်းများ လှူဒါန်းခဲ့သည်မှာ နိုင်ငံတော် ဘဏ္ဍာ ငွေဖြစ်သည်ဟု ပြည်သူတွေက ပြောသည်။ (**Khonumthung 121010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ရခိုင်ပြည်နယ်ရှိ မြို့နယ်၊ ကျေးရွာနှင့် အချို့ ဒေသများရှိ စာသင်ကျောင်းများတွင် မလာမနေရ ဆင့်ခေါ်ပြီး ထမင်းကျွေး၊ အရက်တိုက်၍ မဲဆွယ်စည်းရုံးနေသည်ဟု ရခိုင်ပြည်နယ်၊ သံတွဲခရိုင်ရှိ မအီမြို့ခံ တစ်ဦးက ပြောသည်။ **(Irrawaddy 131010)** **Read More...**
- ရန်ကုန်တိုင်း မင်္ဂလာ တောင်ညွန့်မြို့နယ် ရောင်နှသ်ဗလီ၌ သောကြာနေ့တိုင်း ပြုလုပ်သည့် ဝတ်ပြု ဆုတောင်းပွဲသို့ တက်ရောက်သော အစ္စလမ်ဘာသာဝင် ၁၅၀၀ ကျော်အား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲထည့်ရန် ယင်းဗလီ၏ ရှေ့ဆောင်ဆရာ ဦးအလီက မဲဆွယ်စည်းရုံးမှု ပြုလုပ်နေသည်ဟု မင်္ဂလာတောင် ညွန့်မြို့နယ်မှ အစ္စလာဘာသာဝင်များက ပြောသည်။ **(Irrawaddy 131010)** **Read More...**
- ရန်ကုန်တိုင်း ဒဂုံမြို့သစ် လေးမြို့နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ စည်းရုံးရေးမှူးများက ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အာဏာပိုင်များနှင့် ပါတီအောင်နိုင်ရေးအတွက် အထက်မှ ညွှန်ကြားချက် ၅ ချက်ကို အစီအစဉ်ချမှတ် စည်းဝေးညှိနှိုင်းခဲ့ကြသည်ဟု ဒဂုံဒေသခံတဦးက ပြောသည်။ **(BBC 121010)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း မိတ်ဆက်ကြော်ငြာဆိုင်းဘုတ်ကြီးများကို နေပြည်တော်အတွင်းရှိ မြို့နယ် ၈ ခု၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအပါအဝင် လမ်းမများနှင့် လူအသွား အလာများသော နေရာများတွင် စိုက်ထူနေသည်ဟု ရန်ကုန်တိုင်း **USDP** တာဝန်ရှိသူတဦးက ပြောသည်။ **(Irrawaddy 131010)** **Read More...** **NEJ** **Read More...**
- မြို့နယ်အသီးသီးရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ရုံးများတွင် ရွေးကောက်ပွဲ အောင်နိုင်ရေး အတွက် အစည်းအဝေးများကို စက်တင်ဘာလ ၁၁ ရက်နေ့က ပြုလုပ်ခဲ့ပြီး နည်းလမ်း ၅ ချက်ပေါ်အခြေခံ၍ ကြိုတင်မဲ စုဆောင်းခြင်းပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်ဟု **USDP** တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Irrawaddy 131010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် သန်လျင်မြို့နယ်တွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ အမှတ်တံဆိပ် ပုံစံတူမဲဆွယ်ကဒ်ပြားများကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲနေသည့်အတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်နှင့်ရဲကို တိုင်ကြားထားသော်လည်း ကော်မရှင်မှတိတိကျကျ အဖြေမပေးသေးဟု ဒီမိုကရက်တစ် ပါတီ(မြန်မာ)မှ သံလျင်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစိုးကြည်က ပြောသည်။ **(BBC 141010)** Read More...
- တနင်္သာရီတိုင်း ကော့သောင်းမြို့ ပြည်တောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ စည်းရုံးရေးမှူးများသည် အောက်တိုဘာလ ၁၃ ရက်နေ့က ခမောက်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စုမှ ရေတွင်းအောင်ကျေးရွာတွင် တစ်အိမ်တက်ဆင်းပြုလုပ်၍ ကြိုတင်မဲကောက်ယူမှုများ လုပ်ခဲ့ကြောင်း ဒေသခံများကပြောသည်။ **(DVB 141010)** Read More...
- ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်ရှိမြို့နယ်အချို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ဝင်များနှင့်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများပူးပေါင်း၍ငွေကြေးထောက်ပံ့ကာ မဲဆွယ်စည်းရုံးခြင်း၊ မဲဝယ်ခြင်းများ ပြုလုပ်နေကြောင်း ဒေသခံများကပြောသည်။ **(Irrawaddy 141010)** Read More...
- ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်းတော မြို့နယ်များရှိ ရိုဟင်ဂျာများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ **USDP** စည်းရုံးရေးမှူးများက ပါတီဝင်ကတ်ပြားများကို မဝယ်မနေရရောင်းချပေးနေကြောင်း ဒေသခံ များက ပြောသည်။ **(Irrawaddy 141010)** Read More...
- ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်အတွင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က မြို့နယ်တွင်း နေထိုင်သူများ ကို တစ်အိမ်တစ်ယောက် မလာမနေရဆင့်ခေါ်ကာ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေသည်။ **(DVB 151010)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုသာ မဲပေးရမည်ဟု အထက်အာဏာပိုင်များ၏ ညွှန်ကြားချက်ကို ပဲခူးတိုင်း ပြည်ခရိုင်ရှိ အမှတ် (၁၀) ရဲတပ်ရင်းက ကန့်ကွက်စာပြန်လည်တင်ပြနေကြောင်း ရဲတပ်သားများကပြောသည်။ **(BBC 151010)** Rea More...
- ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုသာ မဲပေးရမည်ဖြစ်ကြောင်း အထက်အရာရှိများက တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းအသီးသီးသို့ညွှန်ကြားထားကြောင်း တပ်တွင်းမိသားစုများကပြောသည်။ **(BBC 151010)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ထိပ်တန်း ခေါင်းဆောင် တစ်ဦးဖြစ်သူ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်သိန်းလင်းသည် ၃၅ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသားဟောင်း တသီးပုဂ္ဂလ အမတ်လောင်း ကိုကောင်းမြင့်ထွဋ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရကြောင်း ကိုကောင်းမြင့်ထွဋ်ကပြောသည်။ **(Irrawaddy 141010)** Read More...
- သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့လူဦးရေ ထက်ဝက်ခန့်အင်အားရထားသော **KDUP** ကိုးကန့်ဒီမိုကရေစီနှင့်သွေးစည်းညီညွတ်ရေးပါတီသာ အနိုင်ရလျှင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နှင့်ပူးပေါင်းအားဖြည့် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် ကိုးကန့်ပါတီဝင်တစ်ဦးကပြော သည်။ **(S.H.A.N 151010)** Read More...
- သျှမ်းပြည်မြောက်ပိုင်း သိန္နီမြို့သို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** စည်းရုံးရေးဆင်းစဉ် နအဖစစ်တပ်မှ အနိုင်ကျင့်လာလျှင် **USDP**အနေဖြင့်ကူညီဖြေရှင်းပေးမည်ဟု ကတိပေးပြောဆိုသည်ဟု လားရှိုးရောက် သိန္နီမြို့သားတစ်ဦးက ပြောသည်။ **(S.H.A.N 151010)** Read More...
- မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် ယခုရက်ပိုင်း အတွင်း ဆိုင်းဘုတ်များထောင် စည်းရုံးမှုများပြုလုပ်နေသော်လည်း ဒေသခံများမှာ ရွေးကောက်ပွဲကို စိတ်ဝင်စားမှုမရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(Yoma3 1510100)** Read More...
- မေလ ၂၄ ရက်နေ့က လောင်ကျွမ်းခဲ့သော ရန်ကုန်တိုင်းမင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးကြီးကို မြို့တော်ဝန် ဦးအောင်သိန်းလင်းက လာရောက်စစ်ဆေးစဉ် ဆိုင်ရှင်တစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲထည့်မည်ဟု ပြောဆိုလိုက်သောကြောင့် ဈေးပြန်လည်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ **(RFA 161010)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- စင်ကာပူနိုင်ငံရောက် မြန်မာမိသားစုများက စင်ကာပူနိုင်ငံ တိုပါးရိုးဘုန်တော်ကြီးကျောင်းတွင် မျက်စိခွဲစိတ်ကုသမှု ခံယူရန်ရောက်ရှိနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဌ ဦးတင်ဦးအား စုပေါင်းဂါရဝပြုကြရာတွင် မိမိတိုင်းပြည်အခြေအနေကို အမြဲမပြတ်လေ့လာရန် မှာကြားခဲ့သည်ဟု ဦးတင်ဦးက ပြောသည်။ **(RFA 101010)** Read More...
- နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲ မတိုင်မီ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျနေသည့် အကျဉ်းသားများ လွှတ်ပေးမည့်အကြောင်း သတင်းများထွက်ပေါ်နေသော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မပါဝင်နိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းကပြောသည်။ **(RFA 111010)** Read More...
- နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ မဲဆန္ဒနယ်ဖြစ်သည့် ပဲခူးတိုင်း ဇီးကုန်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က မဲမပေးရေး လှုပ်ရှားမှုအဖြစ် ယခင်တနင်္ဂနွေနေ့က ဓာတ်ပုံနှင့် တီရှပ်ကမ်ပိန်းလုပ်ခဲ့သည်ဟု ဦးဆောင်သူ ဇီးကုန်းမြို့နယ် **NLD** ဥက္ကဌ ဒေါ်ခင်ဝိုင်းက ပြောသည်။ **(Mizzima 121010)** Read More...
- ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိကြောင်း အာဏာပိုင်များက လာရောက်အကြောင်းကြားခြင်းကို ဒေါ်အောင်ဆန်းစုကြည်က ငြင်းဆန်လိုက်ပြီး ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် လွဲချော်နေကြောင်း ပြောဆိုလိုက်သည်ဟု ရှေ့နေ ဦးကြည်ဝင်းက ပြောသည်။ **(VOA 121010)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD**၏ ရွေးကောက်ပွဲ သပိတ်မှောက်ရေးစည်းရုံးမှုခရီးစဉ်ဖြစ်သည့် ကချင်ပြည်နယ်ခရီးစဉ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **CRPP** အဖွဲ့ပါ ပူးပေါင်းပါဝင်ပြီး ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံရန် ရှိသည်ဟု **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(RFA 131010)** Read More..., Mizzima...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးအုန်းကြိုင်ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် အောက်တိုဘာလ ၁၃ ရက်နေ့တွင် မန္တလေးတိုင်း ၁၂ မြို့နယ်မှ အဖွဲ့ချုပ်ဝင်များနှင့် ရွေးကောက်ပွဲ သပိတ်မှောက်ရေးနှင့် မဲမပေးရေးကိစ္စများကို တိုင်းအဖွဲ့ချုပ် ဥက္ကဌ ဦးသိန်းတန်၏ နေအိမ်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဦးအုန်းကြိုင်က ပြောသည်။ **(DVB 131010)** Read More...
- ရွေးကောက်ပွဲကော်မရှင်မှ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ကို မတရားအသင်း ကြေညာခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့ချုပ်ဘက်မှ ပြန်လည်တရားစွဲဆိုမှုကို တရားရုံးချုပ်က လက်ခံထားသဖြင့် ပါတီမပျက်ပြယ်သည့် အနေအထား ရှိသောကြောင့် အောက်တိုဘာ ၁၄ ရက်နေ့တွင် ပါတီဆက်လက် ရပ်တည်နေကြောင်း၊ ပါတီတွင်း ကြေညာချက်ထုတ်ပြန်လိုက်သည်ဟု ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 141010)** Read More...
- မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးအတွက် ရွေးကောက်ပွဲသည် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ပြောဆိုနေမှုကို ဒေါ်အောင်ဆန်းစုကြည်က လက်မခံကြောင်း သူမ၏ရှေ့နေများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 151010)** Read More...
- လူ့အခွင့်အရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က ယခုရက်ပိုင်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များကို အဆက်မပြတ်ဝေဖန်စွပ်စွဲမှုများပြုလုပ်နေသည်။ **(RFA 151010)** Read More...
- အနောက်နိုင်ငံကြီးအချို့က ရွေးကောက်ပွဲနှင့်ပတ်သက်သော ပြောဆိုသံများပြောင်းလဲသွားသော်လည်း ၎င်းနိုင်ငံကြီးများ၏မြန်မာနိုင်ငံအပေါ်ထားသည့် အခြေခံသဘောထားများ ပြောင်းလဲသွားမည်မဟုတ်ဟု ယူဆကြောင်း ရှေ့နေများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(VOA 151010)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- နအဖ ခလရ (၃၂)တပ်ရင်းသည် ဘုရားသုံးဆူနယ်စပ် ခုံခန်းရွာနှင့် တောင်စွန်းရွာအကြား တာစူးရွာအနီးလယ်ကွင်းကို ဖြတ်ကျော်နေစဉ် **KNU** တပ်မဟာ (၆)မှ စောင့်ဆိုင်းပစ်ခတ်ခဲ့ရာ နအဖဘက်မှ ၃ ဦးသေပြီး တစ်ဦးဒဏ်ရာရခဲ့သည်ဟု ဗဒိုစောထဲနေက ပြောသည်။ **(Kaowao 131010) Read More...**

## (ဂ) ပြည်ပအင်အားစုများ

- ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးရှေ့တွင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်သည့် ဆန္ဒပြပွဲတစ်ရပ် အောက်တိုဘာလ ၁၀ ရက်နေ့က မြန်မာ့ဒုက္ခသည်များကောင်စီ **(BRC)** ကပြုလုပ်ခဲ့သည်ဟု **BRC** ကိုငြိမ်းချမ်းလင်းက ပြောသည်။ **(DVB 101010) Read More...**
- မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ **AAPP** ၏ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်က ရွေးကောက်ပွဲမတိုင်မီ အကျဉ်းသားများမဲပေးနိုင်ရန် လွှတ်ပေးမည့်သတင်းနှင့်ပတ်သက်ပြီး စစ်အစိုးရမှ တရားဝင် ထုတ်ပြန် ကြေညာထားခြင်း မရှိသည့်အပြင် ယုတ္တိလည်းမရှိကြောင်း ပြောကြားလိုက်သည်။ **(BBC 111010) Read More..., VOA...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဦးစီးအဖွဲ့ဝင် ဦးအုန်းကြိုင်ဦးဆောင်သည့်အဖွဲ့သည် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ ဒေါက်တာဦးထွန်းလှိုင်၏ နေအိမ်တွင် အဖွဲ့ချုပ်ဝင်များနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲသပိတ်မှောက်ရေး နှင့် မဲမပေးရေး ကိစ္စများကို ရှင်းပြခဲ့သည်ဟု ဦးအုန်းကြိုင်က ပြောသည်။ **(DVB 111010) Read More...**
- လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းတည်ထောင်ခြင်း ၂၂ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ပြုလုပ်ခဲ့ရာ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးငွေလင်းက "မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နအဖပြုလုပ်မည့် အတုအယောင်ရွေးကောက်ပွဲတွင် မဲရုံကိုမသွားပဲ သပိတ်မှောက်သောနည်းလမ်းသည် အကောင်းဆုံးဆန့်ကျင်သည့်နည်းဖြစ်သည်"ဟု ပြောကြားလိုက် သည်။ **(RFA 141010) Read More...**
- မြန်မာစစ်အစိုးရကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့်လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုအား ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရေးကိစ္စကို ဂျပန်အစိုးရမှထောက်ခံပေးရန် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး လူထု လှုပ်ရှားမှုကော်မတီက ဂျပန်အစိုးရကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် စာရေးတောင်းဆိုလိုက်သည်။ **(RFA 151010) Read More...**
- ဗြိတိန်နိုင်ငံရှိ တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသည့် အဖွဲ့အစည်းများစုပေါင်း ကာ ၂၀၁၀ ရွေးကောက်ပွဲတွင် မဲမထည့်ရေးလှုပ်ရှားမှုကို ထောက်ခံသည့် လက်မှတ်များကောက်ခံနေကြောင်း ကချင် အမျိုးသားအစည်းအရုံး အတွင်းရေးမှူး ဦးခွန်ဆာကပြောသည်။ **(DVB 151010) Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် နယ်ခြားစောင့်တပ်ဖွဲ့ရေးကို ငြင်းဆန်နေသည့် ဒုဗိုလ်မှူးကြီးကျော်သက် ဦးစီးသော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ရင်း(၉၀၂)တပ်ဖွဲ့နှင့် နအဖ အာဏာပိုင်တို့အကြား ယမန်နေ့က နှစ်ဘက်စစ်ရေးပြင်ဆင်မှုများ အကြီးအကျယ် လုပ်ဆောင်လာပြီး ပစ်ခတ်မှု ဖြစ်လုနီးပါး ဖြစ်ပွားခဲ့သည်ဟု **DKBA** (၉၀၂)မှ တပ်မှူးတဦးက ပြောသည်။ **(KIC 121010) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်လွတ်မြောက်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး အင်ဘန်လအောင် ၏နေအိမ်ကို နံနက် ၂ နာရီခန့်က အမှတ် ၁ ရဲစခန်းမှ ရဲအုပ်စိုးမင်းဦး ခေါင်းဆောင်သော ရဲဝန်ထမ်း ၄ ဦးနှင့် ရာအိမ်မှူး ဦးရှနန်ဇော်လတ်တို့ ရောက်ရှိ လာပြီး ၁ နာရီခန့်ကြာ စစ်ဆေးခဲ့သည်ဟု ဒေသခံများက ပြောသည်။ **(Mizzima 141010) Read More ...**
- ဌာနေပြည်သူ့စစ် ဖွဲ့စည်းရန် နအဖစစ်အစိုးရ၏ ဖိအားပေးခံနေရသော မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့သည် ၎င်းတို့ တောင်းဆိုချက်များကို နအဖဘက်မှ လိုက်လျောမှု မရှိသေး၍ နှစ်ဖက် သဘောတူညီမှုမရကြသေး ကြောင်း သိရသည်။ **(NEJ 141010) Read More ...**
- ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ပြည်သူ ၂ ဦးသေဆုံးခဲ့မှုကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် **KIA** လက်ချက်ဖြစ်ကြောင်း စွပ်စွဲကာ စစ်အစိုးရမှ **KIO** ကို သောင်းကျန်းသူ အဖွဲ့အဖြစ် အောက်တိုဘာလ ၁၅ ရက်နေ့စွဲဖြင့် စစ်အစိုးရသတင်းစာတွင် ဖော်ပြထားသည်။ **(RFA 151010) Read More..., DVB...**
- ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် မိုင်းထိ၍ လူနှစ်ဦး သေဆုံးသွားသည်ကို ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **KIA** က သောင်းကျန်းသူများဟု ဖော်ပြရေးထားခြင်းသည် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** နှင့် စစ်အစိုးရအကြား အပစ်ရပ်စဲ ကာလ ပြီးဆုံးသွားခြင်းဖြစ်သည်ဟု **KIO** ဒုတိယ နိုင်ငံခြားဆက်ဆံရေး တာဝန်ခံဗိုလ်မှူးကြီး ဂျိမ်းစ်လွမ်းဒေါင်ကပြော သည်။ **(KNG 151010) Read More..., Irrawaddy...**

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့်ပါတီများ

- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** က စစ်အစိုးရပိုင် ရုပ်သံမှတဆင့် ပါတီမူဝါဒများကို မဲဆွယ်ဟောပြောရာတွင် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာပြည် ဒီမိုကရေစီအပြောင်းအလဲအတွက် လမ်းစဖြစ်သည်ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာ သန်းငြိမ်းက ပြောဆိုလိုက်သည်။ **(VOA 111010) Read More...**
- ရွေးကောက်ပွဲဝင် ပါတီများအနေဖြင့် ရန်ကုန် စည်ပင်နယ်နိမိတ်အတွင်း ကြော်ငြာဘုတ်များစိုက်ထူးကာ ကြော်ငြာနိုင် သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်က အကြောင်းကြားသည့်အတွက် ပါတီကိုယ်စားလှယ်လောင်း အချို့ ကြော်ငြာဖို့ စီစဉ်နေသည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းကပြောသည်။ **(Mizzima 111010) Read More...**
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဲဆန္ဒရှင်များ၏ စာရင်းများရယူရာတွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်က ငွေတောင်းခံသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အောက်တိုဘာ ၁၁ ရက်နေ့တွင် စာတင်လိုက်သည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(DVB 111010) Read More...**
- သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** သည် စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေထံမှ ငွေကြေးအကူ အညီ ထောက်ပံ့နေသည်ဆိုသည့် စွပ်စွဲချက်ကို အောက်တိုဘာ ၁၁ ရက်နေ့က ငြင်းဆိုလိုက်သည်ဟု ပါတီဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းက ပြောသည်။ **(DVB 111010) Read More...**
- ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ပူးပေါင်းထားသည့် ဒီမိုကရေစီ မိတ်ဆွေပါတီများ ၆ ပါတီ မဟာမိတ် အဖွဲ့ အတွင်း ပြဿနာ ပေါ်နေပြီး ရေရှည်မဟာမိတ် ဖွဲ့စည်းရေး အနေအထား ထိခိုက်နိုင်ကြောင်း ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ **DPP** ဥက္ကဋ္ဌ ဦးအောင်သန်းက ပြောသည်။ **(Irrawaddy 111010) Read More...**
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP**သည် မဲဆွယ်စည်းရုံးရေးအတွက် တေးသီချင်းများအသံသွင်းရန် ဂီတ မွန်အဖွဲ့မှ လက်မခံကြောင်း အမည်မဖော်လိုသူ အဆိုတော်တစ်ဦးက ပြောသည်။ **(Kaowao 111010) Read More...**
- ကရင်ပြည်နယ်၊ ဖားအံမြို့ရှိ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ **PSDP** သည် ပါတီရုံးရှေ့၌ ပါတီဆိုင်းပုဒ်ကို အောက်တို ဘာလ ၉ရက်နေ့၊ စနေနေ့မနက်တွင် စိုက်ထူလိုက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း နန်းစေအွာက ပြောသည်။ **(KIC 111010) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဝင်ရောက်အရွေးခံမည့် ဆက်သွယ်ရေးဝန်ကြီး ဦးသိန်းဇော်ကို အမျိုးသားဒီမိုကရေစီအင်အားစု **NDF** အဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမာခါး ကယှဉ်ပြိုင်မည်ဟု ကချင်ပြည်နယ်တွင်း နိုင်ငံရေး လေ့လာစောင့် ကြည့်သူ ဦးအောင်ဝါကပြောသည်။ **(NMG 121010)** **Read More...**
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)သည် ပါတီစည်းရုံးရေးအတွက် လူစုလူဝေးရန်နေရာလိုခြင်း၊ နေရာငှားခပေးရသည့် ကုန်ကျစရိတ်များခြင်းတို့ကြောင့် တအိမ်တက်ဆင်း မဲဆွယ်မှုများ ပြုလုပ်နေရသည်ဟု မြောက်ဒဂုံမြို့နယ် ပြည်သူ့လွှတ်တောက်ကိုယ်စားလှယ်လောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဦးသန်းဇော်အောင်က ပြောသည်။ **(BBC 121010)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** သည် စစ်အစိုးရနှင့်အကျိုးတူ စီးပွားရေးလုပ်ဆောင်နေသူ ဦးလှမောင်ရွှေမှ ငွေကြေးထောက်ပံ့နေသည်ဆိုသည်မှာ မှန်ကန်ခြင်းမရှိပါကြောင်း အောက်တိုဘာ ၁၂ ရက်နေ့က ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ပါတီတိုင်းရုံးတွင် ရှင်းလင်းချက်ထုတ်ပြန်လိုက်သည်။ **(RFA 121010)** **Read More...**
- မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်အတွင်း အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ၏ မဲဆွယ်စည်းရုံးခြင်းကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်မှ ဟန့်တားနေသည်ဟု **NDF** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမာခါးက ပြောသည်။ **(KNG 131010)** **Read More...**
- လားဟူပါတီအား ပါတီဝင်အင်အား များများသိမ်းသွင်းပြီး မဲနိုင်ရေးသေချာစေရန် မစည်းရုံးနိုင်ပါက ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့နယ်အချို့ကို ရွေးကောက်ပွဲကျင်းပမည့်စာရင်းမှ ပယ်ဖျက်နိုင်ဖွယ်ရှိကြောင်း နအဖ အာဏာပိုင်များကခြိမ်းခြောက်သည်ဟု လားဟူမျိုးချစ်ပုဂ္ဂိုလ်တစ်ဦးကပြောသည်။ **(S.H.A.N 131010)** **Read More...**
- ရွေးကောက်ပွဲတွင် ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ **KSDDP** မှ ကရင်ပြည်နယ် အမျိုးသားလွှတ်တော်နေရာတွင် ကိုယ်စားလှယ် ၄ ဦး ပါဝင်အရွေးခံမည် ဖြစ်သည်ဟု အမည်မဖော်လိုသူ လွှတ်တော်အမတ်လောင်းတစ်ဦးက ပြောသည်။ **(KIC 131010)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစုပါတီ **NDF** မှ ကိုယ်စားလှယ်လောင်း ကချင်တိုင်းရင်းသား (၂) ဦးသည် မြစ်ကြီးနားနှင့် ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်အမတ်နေရာများအတွက် ကချင်ပြည်နယ်တွင် တာဝန်ယူခဲ့ သည့် စစ်ဗိုလ်ထွက်များနှင့် ယှဉ်ပြိုင်မည်ဟု **NDF** ကိုယ်စားလှယ်လောင်း ဦးမာခါးက ပြောသည်။ **(NEJ 131010)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (**NDF**) က စီးပွားရေး လုပ်ငန်းရှင်တစ်ဦးထံမှ အလှူငွေလက်ခံထားသည် ဟူသော စွပ်စွဲမှုကြောင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ (ဒီငြိမ်း)အနေဖြင့် ပူးပေါင်းမဟာမိတ်အဖွဲ့မှ နှုတ်ထွက်ရန် အရေးပေါ် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်ဟု **DPP** ဥက္ကဌ ဦးအောင်သန်းက ပြောသည်။ **(Mizzima 131010)** **Read More...** **Irrawaddy** **Read More...**
- ရွေးကောက်ပွဲနီးကပ်လာချိန်ထိ မဲရုံအရေအတွက်၊ မဲဆန္ဒရှင်စာရင်းနှင့် ကြိုတင်မဲကိစ္စများကို နိုင်ငံရေးပါတီများမှ ရှင်းလင်းစွာ သိရှိခြင်းမရှိဖြစ်နေပြီး ဝင်ပြိုင်မည့် နယ်မြေအတွက် မဲရုံမှူး ခန့်အပ်ရန်သာ ဦးစားပေးလုပ်နေရကာ ဝင်မပြိုင်နိုင်သည့်မဲရုံများတွင် တရားမျှတမှု ရှိမရှိဆိုခြင်းကို စောင့်ကြည့်ရန် ကိုယ်စားလှယ်မထားနိုင်ဟု ဒီမိုကရက်တစ် ပါတီ ဥက္ကဌ ဦးသုဝေက ဝန်ခံပြောဆိုလိုက်သည်။ **(BBC 131010)** **Read More...**
- ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်တွင် ဝင်ရောက်အရွေးခံမည့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒေါ်ချိုချိုကျော်ငြိမ်းက မဲဆွယ်စည်းရုံးဟောပြောရန် နေရာ၊ ငွေကြေးအခက်အခဲများကြောင့် ဆိုင်ကယ်နှင့် တစ်ရွာဝင် တစ်ရွာထွက် မြို့နယ်တွင်း စည်းရုံးရေးစတင်ဆင်းနေသည်ဟု ပြောသည်။ **(DVB 131010)** **Read More...**
- ယခုအပတ်အတွင်း သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့၌ ကိုးကန့်တရုတ်လူမျိုးထူထပ်စွာနေထိုင်ကြသည့် လားရှိုးမြို့ ရပ်ကွက် ၂ စာရေးကုန်း၊ ရပ်ကွက် ၇ လုံလေ့၊ ရပ်ကွက် ၈ မန့်ဆုနှင့် ရပ်ကွက် ၁၂ လားရှိုးကြီးတို့၌ မဲပေးပိုင်ခွင့်ရှိသူ ကိုးကန့်ပြည်သူများအား ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ **KDUP** က မဲစာရွက်နမူနာပုံစံများ လိုက်လံဖြန့်ဝေပြီး သင်ကြားပေးနေသည်ဟု ရှမ်းတရုတ်ကပြား အမျိုးသမီးတစ်ဦးက ပြောသည်။ **(S.H.A.N 141010)** **Read More...**
- ရွေးကောက်ပွဲပြီးလျှင် ပေါ်ပေါက်လာမည့် ပြည်သူ့လွှတ်တော်အတွင်းတွင် လူထုကိုယ်စား လွတ်လွတ်လပ်လပ် ပြောနိုင်မည်ဟု မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီက ကြော်ငြာကပ်မဲဆွယ်စည်းရုံးမှုများပြုလုပ်နေကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(DVB 141010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နိုင်ငံရေးပါတီများမှ စာရွက်စာတမ်းများနှင့် ရုပ်မြင်သံကြားမှတဆင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေကြသော်လည်း ပြည်သူလူထုက စိတ်ဝင်စားမှုနည်းပါးနေသည်။ **(VOA 151010)** Read More...
- ရွေးကောက်ပွဲ မဲဆွယ်မှုများတွင် ဒေသခံအာဏာပိုင်များနှင့်ဒေသခံရွေးကောက်ပွဲကော်မရှင်များ၏ အနှောက်အယှက်ပေးသိက္ခာချမှုများ ကြုံနေရကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ **NDF** ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းကပြောသည်။ **(Mizzima 161010)** Read More...

## ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂလကိုယ်စားလှယ်များ

- တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဗဟိုရုံးခန်းကို ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်တွင် အောက်တိုဘာ ၁၀ ရက်နေ့က ဖွင့်လှစ်လိုက်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဘတင့်ဆွေက ပြောသည်။ **(DVB 121010)** Read More...
- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုအား စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲများစွာရှိကြောင်း ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် တသီးပုဂ္ဂလပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဘတင့်ဆွေက ပြောသည်။ **(VOA 141010)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ပဲခူးတိုင်း ဇီးကုန်းမြို့တွင် ရွေးကောက်ပွဲတွင် မဲမပေးဘဲ နေပိုင်ခွင့်ရှိသည်ဆိုသည့် စာသားပါ ရုပ်အင်္ကျီများကို ဝတ်ဆင်ပြီး အများပြည်သူ မြင်ကွင်းများတွင် ဝတ်ဆင်သွားလာသည့် လှုပ်ရှားမှုကို အောက်တိုဘာ ၁၀ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု ပါဝင်လှုပ်ရှားသူတစ်ဦးက ပြောသည်။ **(DVB 111010)** Read More...
- နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်သံမှ ရွေးကောက်ပွဲဝင် ပါတီများ စည်းရုံးဟောပြောမှုကို ရန်ကုန် ၄ မြို့နယ်မှ လူငယ်များက စိတ်မဝင်စားကြကြောင်း ပြောသည်။ **(Mizzima 121010)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** လွယ်လင်မြို့နယ် စည်းရုံးရေးဆင်းရာတွင် ဒေသခံအချို့က တံခါးပိတ်သော့ခတ်ပြီး ကျောခိုင်းရှောင်ထွက်သွားကြသည်ဟု လွယ်လင်မြို့ခံတစ်ဦးက ပြောသည်။ **(S.H.A.N 131010)** Read More...
- စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေက **Myanmar Post** ဂျာနယ်တွင် ဖော်ပြခဲ့သော နိုင်ငံရေးပါတီများအပေါ် ထောက်ပံ့ကူညီမှုနှင့်ပတ်သက်ပြီး မှားယွင်းနေကြောင်းနှင့် မိမိအနေဖြင့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** အပါအဝင် မည်သည့်ပါတီကိုမှ ငွေကြေးအလှူငွေ လှူဒါန်းခြင်းမရှိကြောင်း ပြန်လည်ရှင်းလင်း လိုက်သည်။ **(EMG 131010)** Read More...
- သာယာဝတီမြို့နယ်တွင်း၌ ရှိသည့် ပြည်တောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ဆိုင်းဘုတ်များတွင် **USDP** ကို မကျေနပ်ဘူးဆိုသည့် စာသားများနှင့် ဆေးနီပက်ဖျန်းသည့် လှုပ်ရှားမှုတစ်ရပ် အောက်တိုဘာ ၁၄ ရက်နေ့ မနက် ၄ နာရီတွင် ဖြစ်ပွားခဲ့သည်ဟု သာယာဝတီမြို့ခံတဦးကပြောသည်။ **(RFA 141010)** Read More...
- ရန်ကုန်မြို့တွင်း ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်များတွင် ရွေးကောက်ပွဲအတွက် ကြိုတင်မဲကို အတင်းပေးခိုင်း၍မရ၊ ပြည်သူတစ်ယောက်သည် မဲမပေးလိုပါက မဲမပေးဘဲ နေနိုင်ကြောင်း ရေးသား ထားသည့် စာများနှင့်အတူ ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံပါသည့် လက်ကမ်းကြော်ငြာစာများ ဖြန့်ဝေနေသည်ဟု ရန်ကုန်မြို့ခံများကပြောသည်။ **(NEJ 141010)** Read More ...
- ပဲခူးတိုင်း သာယာဝတီမြို့နှင့် သုံးဆယ်မြို့များတွင် ရွေးကောက်ပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ဆန့်ကျင်သည့် စာရွက်စာတမ်းများကို သဘော်ာဆေးဖြင့် အစိုးရဌာနဆိုင်ရာ ရုံးများနှင့် လူစည်ကားရာ အရပ်ရှိ ဆိုင်းဘုတ်များတွင် ရေးသားထားသည်ကို တွေ့ရှိခဲ့ရကြောင်း မြို့ခံတစ်ဦးကပြောသည်။ **(Irrawaddy 141010)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဘာသာရေးအသင်းအဖွဲ့များ

- နယူးဇီလန်နိုင်ငံ Acukland မြို့တွင် သီတင်းသုံးနေသည့် ဆရာတော် အရှင်ဩဘာသသည် အောက်တိုဘာ ၁၃ ရက်နေ့က နယူးဇီလန် ပါလီမန်အမတ် (၂) ဦးနှင့်တွေ့ဆုံခဲ့ရာ စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုရန် တိုက်တွန်း ခဲ့ကြောင်း ဆရာတော်ကမိန့်ကြားသည်။ **(RFA 141010) Read More...**

မီဒီယာအခန်းကဏ္ဍ

- သတင်းဂျာနယ်များတွင် စောင်ရေ အများဆုံးဟု ဆိုနိုင်သည့် **7Day News** ဂျာနယ်၊ မော်ဒန် ဂျာနယ်၊ **Eleven** ဂျာနယ်နှင့် ပြည်သူ့ခေတ် ဂျာနယ်များတွင် နိုင်ငံရေးပါတီကြော်ငြာများကို လုံးဝလက်ခံ ထည့်သွင်းမည် မဟုတ်ကြောင်း သက်ဆိုင်ရာ အယ်ဒီတာများက ပြောသည်။ **(Irrawaddy 131010) Read More...**

နိုင်ငံတကာဆောင်ရွက်မှုများ

(က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ် အဖြစ် အသုံးချလုပ်ဆောင်ရန် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝန်က စစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(VOA 131010) Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ လွှတ်ပေးရန်စစ်အစိုးရမှ ငြင်းဆိုနေမှုကို စိတ်ပျက်မိကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် **Mr. Ban Ki Moon** က အောက်တိုဘာလ ၁၅ ရက်နေ့က ထပ်မံဝေဖန် ပြောဆိုလိုက်သည်။ **(RFA 161010) Read More...**

(ခ) အစိုးရများ

- ထိုင်းဝန်ကြီးချုပ် အဖိဆစ် ဝိချာချီဝပ်၏ မြန်မာပြည်ခရီးစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဝန်ကြီးချုပ် ဦးသိန်းစိန်တို့နှင့် သီးသန့်စီတွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးကိစ္စများအပါအဝင် ရွေးကောက်ပွဲအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေ ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ဥရောပကော်မရှင်တို့၏ ပါးလိုက်သည့်စကားကို ပြောကြားခဲ့ကြောင်း ထိုင်းအစိုးရဒုတိယ ပြောခွင့်ရ ဒေါက်တာ မာရွတ် မတ်စရဝမ်နစ်က ပြောသည်။ **(BBC 121010) Read More...**
- နယူးဇီလန်လွှတ်တော်တွင် မြန်မာ့အရေးဆိုင်ရာ နယူးဇီလန်နိုင်ငံရေးပါတီများအားလုံးပါဝင်သော လွှတ်တော်တစ်ရပ်လုံး အနေဖြင့် မြန်မာနိုင်ငံတွင်လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲများကျင်းပပေးရန်၊ လွတ်လပ်စွာ ထုတ်ဖော် စုဝေး ဖွဲ့စည်းခွင့် ပေးရန်နှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ချွင်းချက်မရှိ လွှတ်ပေးရန် အောက်တိုဘာ ၁၃ ရက်နေ့ က ကြေညာချက်ထုတ်ပြန် တိုက်တွန်း တောင်းဆိုလိုက်သည်ဟု လွှတ်တော်ဥက္ကဌ မာယန်စထရိက ပြောသည်။ **(VOA 131010) Read More...**
- အမေရိကန်အစိုးရအနေဖြင့် ရွေးကောက်ပွဲအပြီး တက်လာမည့် မြန်မာအစိုးရသစ်နှင့် မြန်မာ့နိုင်ငံရေး ပြဿနာများတွင် အပြောင်းအလဲဖော်ဆောင်နိုင်ရန် မျှော်လင့်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေးကို ဆက်လက်တိုက်တွန်း သွားမည် ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ အပေါ် ဩဇာရှိသည့် နိုင်ငံများနှင့်ပါ မြန်မာ့အရေး ဆွေးနွေးမှုများရှိနေသည်ဟု အမေရိကန်နိုင်ငံခြားရေး ပြောခွင့်ရသူ ပီဂျေ ခရော်လီက သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ **(RFA 131010) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဂျပန်ရောက် မြန်မာအတိုက်အခံများ၏ ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ကြောင်း သဘောထားကို ဂျပန်အစိုးရ ဒု–နိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာ ၁၃ ရက်နေ့တွင် တရားဝင်လက်ခံ ရယူခဲ့သည်ဟု ကိုယ်တိုင်တွေ့ဆုံခဲ့သူ ဦးမြတ်သူက ပြောသည်။ **(DVB 131010)** Read More...
- ဗြိတိသျှပါလီမန် အောက်လွှတ်တော်ကော်မတီတွင် လူ့အခွင့်အရေးရှေ့နေကြီးအဖြစ် ဦးဆောင်ဦးရွက်ပြုနေသည့် အမေရိကန်မှ **Freedom Now and Partner at DLA Piper LLP** ဥက္ကဋ္ဌ **Jared Genser** က သမ္မတအိုဘားမားနှင့်မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒများသည် လက်တွေ့တွင် ထိရောက်မှုမရှိကြောင်း ပြောဆိုခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ယူကေ **NLD-LA UK** ဥက္ကဋ္ဌ ဒေါက်တာ ဝင်းနိုင်က ပြောသည်။ **(BBC 141010)** Read More...
- စစ်အစိုးရရွေးကောက်ပွဲကို အသိအမှတ်မပြုရန် ဆုံးဖြတ်နိုင်သည့် အချက်အလက်ရှိသော်လည်း စောင့်ကြည့်သွားဦးမည်ဟု ဒုတိယ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ **Yamahana Ikuo** က ဂျပန်ရောက် မြန်မာ့အရေး လှုပ်ရှားသူများကို အောက်တိုဘာလ ၁၃ ရက်နေ့က ပြောကြားခဲ့သည်။ **(Mizzima 141010)** Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- နိုဘယ်ငြိမ်းချမ်းရေးဆုရှင် တောင်အာဖရိကဘုန်းတော်ကြီး ဒက်စမွန်တူးတူးက သတင်းမီဒီယာများအပါအဝင် လူထုနှင့်ထိတွေ့ဆက်ဆံနေမှုများမှ တရားဝင်အနားယူတော့မည်ဖြစ်သော်လည်း မြန်မာပြည်ဒီမိုကရေစီအရေးကို ဆက်လက်အားပေးထောက်ခံသွားမည်ကြောင်း ပြောကြားလိုက်သည်။ **(RFA 111010)** Read More...
- ချက်သမ္မတနိုင်ငံ ပရပ်ဂ်မြို့တော်တွင် ပြုလုပ်သည့် **Forum 2000** လူ့အခွင့်အရေးဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်များက ရွေးကောက်ပွဲအပါအဝင် မြန်မာ့ဒီမိုကရေစီပြောင်းလဲရေးကို အနှောင့်အယှက်ဖြစ်စေမည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့သည်ဟု တက်ရောက်ဆွေးနွေးခဲ့သူ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် လူ့အခွင့်အရေးပညာပေးရေးအဖွဲ့ **(HREIB)**မှ မချယ်ရီဇော်ဟောင်က ပြောသည်။ **(RFA 121010)** Read More...
- ထိုင်းနိုင်ငံအခြေစိုက် **Altsean** ခေါ် အာဆီယံစင်ပြိုင်အဖွဲ့မှ အမျိုးသမီးစွမ်းရည်မြှင့် သင်တန်းတက်နေသည့် တိုင်းရင်းသူများက စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို တညီတညွတ်တည်း ဆန့်ကျင်ကြရန် နှိုးဆော်သည့် တေးသီချင်းသုံးပုဒ်ကို အောက်တိုဘာ ၁၃ ရက်နေ့တွင် စတင်ဖြန့်ဝေလိုက်သည်ဟု ပါဝင်သီဆိုသူ ကချင်အမျိုးသမီးငယ် ဆန်းမိုင်က ပြောသည်။ **(RFA 131010)** Read More...
- မြန်မာနိုင်ငံ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးကိစ္စကို အင်ဒိုနီးရှားအစိုးရအနေဖြင့် လူသိရှင်ကြားထောက်ခံသင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ **HRW** က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 161010)** Read More...

---

***End of report/ Saturday, October 16, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---